## အလုပ်ရှင်က ထိခိုက်မှုအာမခံ မလျှောက်ပေးတဲ့အခါ ~

လုပ်ငန်းခွင် ထိခိုက်မှု ဖြစ်ပွားခဲ့သော်လည်း အလုပ်ရှင်မှ အာမခံကိစ္စ မလျှောက်ထားပေးပါက မိမိကိုယ်တိုင် အာမခံ လျှောက်ထားနိုင်သည် ။ လုပ်ငန်းခွင်အတွင်း ထိခိုင်မှုဖြစ်ခြင်း မှန်ကန်ပါက အလုပ်ရှင် ခွင့်ပြုချက် မလိုပဲ အာမခံကြေး ခံစားခွင့် ရနိုင်ပါသည်။

※ ဗီဇာ မရှိသော အလုပ်သမားများလည်း လုပ်ငန်းခွင်ထိခိုက်မှု ဖြစ်ပွားပါက အာမခံ ခံစားပိုင်ခွင့် ရှိပါသည် ။ ဆန်းဂျဲအာမခံသည် ဗီဇာ ရှိခြင်း မရှိခြင်းနဲ့ မဆိုင်ပဲ အားလုံးသော အလုပ်သမားများအတွက် အကျုံးဝင်ပါသည်။

## ဆေးကုသချိန် ကြာမြင့်သောကြောင့် အလုပ်မှ အထုတ်ခံရနိုင်မလား ~

လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ဆေးကုသစဉ် အတွင်း အလုပ်ရှင်သည် အလုပ်သမားအား အလုပ်ထုတ်ပိုင်ခွင့် မရှိပါ။ ထို့အပြင် ဆေးကုသချိန် ပြီးဆုံးပြီး ရက်၃၀ ကြာမြင့်သည် အထိလည်း အလုပ်ထုတ်ပိုင်ခွင့် မရှိပါ။ သို့သော် အလုပ်စာချုပ် သက်တမ်း ကုန်ဆုံးခြင်းမျိုး အတွက်မူ အလုပ်ကို ရပ်ဆိုင်းပြစ်လိုက်နိုင်သည်။

## ဆေးကုသချိန်အတွင်း ဗီဇာမရှိပါက လျှောက်ထားတောင်းခံနိုင်ပါသလား ~

ဗီဇာမရှိသော အလုပ်သမားများ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ဆေးကုသမှု ခံယူနေစဉ် နိုင်ငံမှ နှင်ထုတ်ခံရခြင်း မရှိပါ။ ဗီဇာမရှိသော အလုပ်သမား ဖြစ်ပါက ဆန်ဂျဲအာမခံ သတ်မှတ်ခံရပြီးနောက် လဝကရုံးတွင် ဗီဇာလျှောက်ထားပြီး ဂျီဝမ်း(G-1) ဗီဇာ လက်ခံရယူ၍ တရားဝင် အနေဖြင့် ဆေးကုသနိုင်ပါသည်။

※ လိုအပ်သော စာရွက်စာတမ်းများ ~

ဗီဇာလျှောက်ထားလွှာ (통합신청서(신고서)[별지 제 34호서식], နိုင်ငံကူးလက်မှတ်၊ လိုင်စင်ဓါတ်ပုံ ၁ ပုံ၊ ဗီဇာကြေး၊ ဆန်ဂျဲ(ထိခိုက်မှု အာမခံ) အသိအမှတ်ပြုလက်မှတ်၊ ဆေးရုံထောက်ခံစာ အစရှိသည်တို့.

## လုပ်ငန်းခွင်ထိခိုက်မှုနှင့် ပါတ်သက်တော့ နစ်နာကြေးတောင်းခံခြင်း ~

လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ကိုယ်လက်အင်္ဂါချို့ယွင်းသွားခဲ့ရပါက အလုပ်ရှင်ထံမှ နစ်နာကြေး (ကရုဏာကြေး) ဆိုင်ရာ ထောက်ပံ့ကြေးကို တရားရုံးတွင် တရားစွဲဆို တောင်းခံပိုင်ခွင့် ရှိပါသည်။

ဖူဆန်ရွှေပြောင်းအလုပ်သမား ကူညီရေးစင်တာသည်
ရွှေ့ပြောင်းနေထိုင်သူ အားလုံးအတွက် ဖြစ်သည်။

အတိုင်ပင်ခံအဖွဲ့ ဖုန်းနံပါတ်

အင်္ဂလိပ် - ၀၅၁-၃၀၄-၄၇၂၁

တရုပ် - ၀၅၁-၃၀၄-၄၇၂၂

ဗီယက်နမ် - ၀၅၁-၃၀၄-၄၇၂၃

အင်ဒိုနီးရှား - ၀၅၁-၃၀၄-၄၇၂၄

မြန်မာ - ၀၅၁-၃၀၄-၄၇၂၅

**တိုင်ပင်ဆွေးနွေးနိုင်သည့် အချိန်**

တနင်္ဂနွေ ~ ကြာသာပတေး
နံနက် ၉ နာရီ ~ ညနေ ၆ နာရီ

미얀마어

# ရွှေ့ပြောင်းအလုပ်သမား၏ အခြေခံရပိုင်ခွင့်




부산외국인근로자지원센터
BUSAN FOREIGN WORKERS SUPPORT CENTER
부산광역시 사상구 사상로 448 (모라동) 3층
Tel. 051-304-0900 / Fax. 051-304-8585
www.bfwc.or.kr / somi3438@gmail.com

## လက်ရှိ အနိမ့်ဆုံးလုပ်အားခ နှုန်းထားများ (ကိုရီးယားငွေ)

| နှစ် | နာရီကြေး | ရက် (၈ နာရီ) | လစာ (၂၀၉နာရီ) (စနေပျောက်) | လစာ (၂၂၆နာရီ) (စနေ နေ့ဝက်) |
|---|---|---|---|---|
| ၂၀၁၅ | ၅,၅၈၀ | ၄၄,၆၄၀ | ၁,၁၆၆,၂၂၀ | ၁,၂၆၁,၀၈၀ |
| ၂၀၁၆ | ၆,၀၃၀ | ၄၈,၂၄၀ | ၁,၂၆၀,၂၇၀ | ၁,၃၆၂,၇၈၀ |
| ၂၀၁၇ | ၆,၄၇၀ | ၅၁,၇၆၀ | ၁,၃၅၂,၂၃၀ | ၁,၄၆၂,၂၂၀ |

## အချိန်ပို၊ ညဆိုင်း၊ ပိတ်ရက် အပိုကြေး (လုပ်သား ၅ ဦး အထက်) ~

အချိန်ပို ညဆိုင်းနှင့် ပိတ်ရက်တွင် အလုပ်လုပ်ပါက ၅၀% အပိုကြေး ~
အချိန်ပိုကြေး ) သတ်မှတ်အလုပ်ချိန် ကျော်လွန်သော အလုပ်ချိန် ~
(သတ်မှတ်အလုပ်ချိန်မှာ တစ်ရက်လျှင် ၈ နာရီ၊ တစ်ပါတ် ၄၀ နာရီ)
ညဆိုင်းကြေး ) ည ၁၀ နာရီမှ နောက်နေ့နံနက် ၆ နာရီ အထိ
ပိတ်ရက်အလုပ်ဆင်းကြေး ) အပါတ်စဉ် ပိတ်ရက်နှင့် မေဒေးနေ့
(အလုပ် စာချုပ်ထဲတွင် သတ်မှတ်ထားသော အခြားပိတ်ရက်များ)

※ လုပ်သားအင်အား ၅ ဦးအောက် လုပ်ငန်းများ စိုက်ပျိုးမွေးမြူရေး လုပ်ငန်း အလုပ်သမားများမှာမူ အပိုကြေး ခံစားခွင့် မရှိပါ ။

## ယွန်ချားပိတ်ရက် နှင့် ငွေကြေးခံစားခွင့် (လုပ်သား ၅ ဦး အထက်) ~

လွန်ခဲ့သော တစ်နှစ်အတွင်း အလုပ်ဆင်းချိန် ၈၀% အထက် ရှိခဲ့ပါက ယခုနှစ်မှစ၍ ယွန်ချား(လုပ်အားခရ လုပ်သက်ခွင့်) ၁၅ ရက် ခံစားခွင့် ရှိပြီး ၂ နှစ်လျှင် ၁ ရက်စီ တိုး၍ ခံစားနိုင်ပါသည်။ လုပ်သက် ၁ နှစ်အောက် လုပ်သားများ ၁ လ ယွန်ချားခွင့် ၁ ရက် ခံစားခွင့်ရှိပြီး အသုံးမပြုပါက ငွေကြေးဖြင့် ခံစားနိုင်သည်။

## ထွဲဂျစ်ကူမ် (လုပ်သက်ဆုကြေး) ~

လုပ်သား အင်အား ၁ဦးအထက်ရှိသော ကုမ္ပဏီလုပ်ငန်းခွင်တိုင်းတွင် ၁နှစ်အထက် လုပ်သက်ရှိသူတိုင်း မည်သူမဆို အလုပ်ထွက်ချိန်တွင် ထွဲဂျစ်ကူမ်ကို ခံစားရရှိနိုင်ပါသည်။

※ အီးနိုင်း (E-9) ဗီဇာ အလုပ်သမားများမှာမူ ထွဲဂျစ်ကူမ် ပမာဏထဲမှ အချို့ကို ဆမ်ဆောင်း အာမခံ၌နတွင် ပြည်တော်ပြန်သည့် အခါ တောင်းခံရရှိနိုင်ပြီး ကျန်ရှိနေသော လိုအပ်သည့် ငွေပမာဏကို အလုပ်ထွက်ပြီး ၁၄ ရက် အတွင်း အလုပ်ရှင်ထံမှ တောင်းခံရရှိနိုင်ပါသည်။

※ ၂၀၁၀ခုနှစ် ၁၂လပိုင်း ၁ရက်နေ့မှစတင်၍ လုပ်သား ၅ဦးအောက် လုပ်ငန်းခွင် လုပ်သားများလည်း ထွဲဂျစ်ကူမ်(လုပ်သက်ဆုကြေး) ကို ခံစားခွင့် ရရှိခဲ့ပါသည်။ သို့သော် ၂၀၁၀ခုနှစ် ၁၂ လပိုင်း ၁ ရက်နေ့မှ ၂၀၁၂ခုနှစ် ၁၂ လပိုင်း ၃၁ရက်နေ့ထိ ကာလအတွက်ကိုမူ ထွဲဂျစ်ကူမ်၏ ၅၀%ကိုသာ ခံစားနိုင်သည်။

## လုပ်အားခနှင့် ထွဲဂျစ်ကူမ်ကို မရရှိပါက ~

အလုပ်ထွက်ပြီးနောက် ၁၄ရက် ကြာသည့်အထိ လုပ်ခနှင့် ထွဲဂျစ်ကူမ်ကို မရရှိသေးပါက အလုပ်သမားရုံး အမှုစစ် အရာရှိထံ အကြောင်းကြားခြင်း (သို့) တိုင်ကြားခြင်း ပြုလုပ်နိုင်ပါသည်။ ထိုသို့တိုင်ကြားပါက အမှုစစ်မှ လုပ်ငန်းအဆင့်အလိုက် လုပ်အားခ မရရှိခြင်းအပေါ် စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ပြီး ‌ သေချာပါက အလုပ်ရှင်ထံ လုပ်ခပေးချေရန် အမိန့်ချမှတ်ပါမည်။ အလုပ်ရှင်မှ လုပ်ခပေးချေရန် ငြင်းဆန်ပါက ပြစ်ဒဏ်ပေးခံရမည် ဖြစ်ပြီး အလုပ်သမားသည် တရားရုံးတော်တွင် ဆက်လက် ဦးတိုက် လျှောက်ထားနိုင်ပါသည်။ ထိုသို့ တရားရုံးတိုင်ကြားမှုကို အစိုးရ ဥပဒေ ရေးရာဌာနမှ အခမဲ့ကူညီဆောင်ရွက်ပေးပါသည်။

※ ၂၀၁၅ ခုနှစ် ၇ လပိုင်းမှ စတင်၍ လုပ်အားခ အစားထိုးပေးချေခြင်း စနစ် ပြဋ္ဌာန်းပေါ်ပေါက်လာကာ အလုပ်ထွက်သည့် နေ့မှ ၂ နှစ်အတွင်း လုပ်ခ မရမှု ကြောင့် တရားရုံးတွင် အမှုလျှောက်ထားကာ တရားရုံးမှ အမိန့်စာ ကျလာပြီး ဖြစ်သည့် အလုပ်သမားများအား အများဆုံး ဝမ် သိန်း ၃၀ အထိ အစားထိုး ပေးချေမှု ပြုလုပ်ပေးနေပါသည်။

## လုပ်ငန်းခွင် ပြောင်းရွှေ့ခြင်း ~

အီးနိုင်းလုပ်သားများသည် အခြေခံအားဖြင့် လုပ်ငန်းခွင် ပြောင်းရွှေ့ခွင့်ကို တားမြစ်ခံထားရသည်။ သို့သော် အလုပ်ထုတ်ခံရခြင်း ၊ စာချုပ်ဖျက်သိမ်းခြင်း (သက်တမ်းပြည့်ခြင်း) ၊ စာချုပ်ဖောက်ဖျက်ခံရခြင်း ၊ လုပ်ငန်းခွင်ထိခိုက်ခြင်း (ရောဂါဘယ)၊ ကိုယ်ဝန်ဆောင်ခြင်း (မွေးခြင်း) စသည့် အချက်များအတွက်မူ လုပ်ငန်းခွင် ပြောင်းရွှေ့ခွင့် ရှိပါသည်။ ပထမသက်တမ်း ၃ နှစ်အတွင်း ၃ ကြိမ် ပြောင်းနိုင်ပြီး၊ ဒုတိယ ၁ နှစ် ၁၀ လ အတွင်း ၂ ကြိမ် ပြောင်းရွှေ့နိုင်သည်။ လုပ်သား၏ ချို့ယွင်းချက် မဟုတ်သော အကြောင်းဖြင့် ပြောင်းရွှေ့ပါက အကြိမ်အရေအတွက် သတ်မှတ်ခံရခြင်း မရှိပါ။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် အလုပ်သမားစင်တာ(ဂိုယုံးစင်တာ) ဝန်ထမ်းထံ မိမိ၏ ချို့ယွင်းချက်ကြောင့် မဟုတ်ကြောင်း ရှင်းလင်းတိကျစွာ ကြိုတင်အသိပေးကြရပါမည်။

## လုပ်ငန်းခွင် ထိခိုက်မှု (ဆန်ဂျဲအာမခံ) ~

လုပ်သားဦးရေ ၁ ဦးအထက် လုပ်ကိုင်နေသော ကုမ္ပဏီ ဖြစ်စေ၊ အရင်းအနှီးငွေ ဝမ် သိန်း ၂၀၀ အထက် ရင်းနှီးထားသော ဆောက်လုပ်ရေး လုပ်ငန်းများဖြစ်တွင် ဖြစ်စေ လုပ်ငန်းခွင်အတွင်း ထိခိုက်မှု ဖြစ်ပွားပါက (သို့) လုပ်ငန်းနှင့် ဆက်နွယ်သော ရောဂါကြောင့် ၄ ရက်အထက် ဆေးကုသမှု ခံယူရန် လိုအပ်ပါက အလုပ်သမားသည် အလုပ်ရှင်၏ သဘောတူညီချက် ရရှိသည် ဖြစ်စေ မရရှိသည် ဖြစ်စေ လုပ်ငန်းခွင်ထိခိုက်မှု အာမခံကို လျှောက်ထားပြီး ဆေးကုသမှု စရိတ်နှင့် လျော်ကြေးငွေကို ရရှိနိုင်ပါသည်။

※ လုပ်ငန်းခွင်ထိခိုက်မှု အာမခံ မှတ်ပုံမတင်ထားသော ကုမ္ပဏီ ဖြစ်ပါကလည်း အခြေခံအလုပ်သမား ဥပဒေအရ ခံစားပိုင်ခွင့် ရှိပါသည်။

## လုပ်ငန်းခွင် ထိခိုက်မှု အာမခံ လျှောက်ထား တောင်းခံပုံ ~

အလုပ်သမားမှ အလုပ်သမားဖူလုံရေးရုံး (ဂွန်လိုပုတ်ကျီးဂုံးဒန်) သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

※ လိုအပ်သည်များ - လျှောက်လွှာ ၊ နိုင်ငံခြားသားမှတ်ပုံတင်၊ မျက်မြင်သက်သေနှင့် ထိခိုက်မှုဖြစ်ပွားပုံ အချက်အလက်များ

## ရရှိနိုင်သည့် ထောက်ပံ့ကြေးများ ~

| စရိတ် | အကြောင်းအရာ |
|---|---|
| ဆေးကုသ စရိတ် | အလုပ်ကြောင့် ထိခိုက်မှု ဖြစ်ပွားပြီး ၄ ရက် အထက် ဆေးကုသမှု ခံရသူများအား ထောက်ပံ့ |
| လုပ်အားခ | ဆေးကုသမှု ခံယူနေစဉ် ကာလအတွက် ပျမ်းမျှ လုပ်အားခ၏ ၇၀% ကို ထောက်ပံခြင်း |
| ကာလရှည် ဆေးကုသ စရိတ် | ရောဂါကုသချိန် ၂ နှစ်ကျော်သည့်တိုင် မပျောက်ကင်းသေးသည့် ထိခိုက်မှု အဆင့် ၁ မှ ၃ အတွင်း လူနာများ အတွက် လုပ်အားခ ထောက်ပံ့ကြေးအား ၇၀% ထက် ကျော်လွန် ထောက်ပံ့ခြင်း |
| ကိုယ်အင်္ဂါ ဆုံးရှုံးရသူ | ဆေးကုသပြီးနောက် ကိုယ်အင်္ဂါချို့ယွင်းကျန်ရစ်ပါက လျော်ကြေးငွေအား သီးသန့် ထောက်ပံ့ခြင်း ။ (အဆင့် ၁ ~ ၁၄ ထိ) |

※ လူနာစောင့်ကြေး၊ မိသားစုကြေး၊ အသုဘကြေးများ ကျန်ရှိသေး